# ဝိုက်တန်ဂီစာချုပ်၏မော်ရီစာသားနှင့်အင်္ဂလိပ်မူတို့အကြား မတူညီသောခြားနားချက်များ

**ယခုစာမျက်နှာသည်အထောက်အထားတခုစီ၏အရေးပါသောအချက်များကိုအနှစ်ချုပ်ထုတ်နုတ်ထားပါသည်။**

| | **မော်ရီဘာသာဖြင့်ဝိုက်တန်ဂီစာချုပ်** | **အင်္ဂလိပ်မူ** |
|---|---|---|
| **အပိုဒ် (၁)** | မော်ရီသည်အင်္ဂလန်ဘုရင်မကြီးအားနယူးဇီလန်တွင်အုပ်ချုပ်ရေးမှူးတစ်ဦးထားရှိခွင့်ပေးသည်။ | မော်ရီသည်ဘုရင်မကြီးအားနယူးဇီလန်တလွှားအလုံးစုံထိန်းချုပ်ခွင့်အာဏာပေးသည်။ |
| **အပိုဒ် (၂)** | မော်ရီများသည်၎င်းတို့၏လွပ်လပ်မှုဆက်လက်ရှိနေကြောင်း ၊ မြေများအပေါ်ထိန်းချုပ်ခွင့်များရှိကြောင်း ၊ မော်ရီများအတွက်အရေးပါသောအရာအားလုံးကိုစီမံထိန်းချုပ်မှုရှိမည့်အကြောင်းများကိုဘုရင်မကြီးသဘောတူပါသည်။ | ဘုရင်မကြီးသည် မော်ရီများတွင် မြေ ၊ သစ်တောနှင့် ငါးဖမ်းခြင်း တို့တွင်လုပ်ပိုင်ခွင့်များရှိရန်အာမခံသည်။ အကယ်၍မော်ရီများမှ မြေရောင်းလိုလျှင်ဘုရင်မကြီးကိုသာရောင်းခွင့်ရှိသည်။ |
| **အပိုဒ် (၃)** | ဘုရင်မကြီးသည် မော်ရီများအား ဗြိတိသျှလူမျိုးများအတိုင်းတူညီသောအခွင့်အရေးများပေးသည်။ | ဘုရင်မကြီးသည် မော်ရီများအား ဗြိတိသျှလူမျိုးများအတိုင်းတူညီသောအခွင့်အရေးများပေးသည်။ |
| **အပိုဒ် (၄) (နှုတ်ကတိ)** | အုပ်ချုပ်ရေးမှူးသည် မော်ရီ ဓလေ့ထုံးတမ်းများနှင့်မတူညီကွဲပြားသောဘာသာများကိုကာကွယ်ရန်ကတိပေးပါသည်။ | |

## မည်သည့်စာချုပ်ကိုရည်ညွှန်းပါသလဲ

| **မော်ရီဘာသာဖြင့်ရေးသောစာချုပ်** | **အင်္ဂလိပ်မူ** |
|---|---|
| မော်ရီခေါင်းဆောင်ပေါင်း(၅၀၃)ဦးနှင့်ဘုရင်မကြီးကိုယ်စားဗြိတိသျှအုပ်ချုပ်ရေးမှူးတို့လက်မှတ်ရေးထိုးခဲ့ကြသည်။ | မော်ရီခေါင်းဆောင်(၃၉)ဦးဖြင့်လက်မှတ်ရေးထိုးခဲ့သည်။ |
| ဤစာချုပ်ကိုနိုင်ငံတကာဥပဒေမှထောက်ခံခဲ့သည်။ နိုင်ငံတကာဥပဒေသည်ဆန့်ကျင်ရေးပရော်ဖက်ရှင်နယ်စည်းမျဉ်း(လက်တင်ဘာသာဖြင့် contra proferentem) အရ မော်ရီစာသားကိုရှေ့တန်းတင်စဉ်းစားပေးသည်။ ၎င်း၏ဆိုလိုရင်းမှာစာချုပ်သည်ရှင်းရှင်းလင်းလင်းမဖြစ်လျှင်အဆိုပါစာချုပ်ကိုစတင်ကမ်းလှမ်းသောသူဘက်ကိုသာမှီ၍အနက်အဓိပ္ပါယ်ယူပြီးဘာသာပြန်သင့်ကြောင်းဖြစ်ပါသည်။ | ဤစာချုပ်သည်ဗြိတိသျှတို့အလိုရှိသောစာချုပ်ဖြစ်သည်။ နယူးဇီလန်အစိုးရ၏အာဏာသည်ဤစာချုပ်၏မူပေါ်တွင်အခြေခံသည်။ |
| ဤစာချုပ်သည်နယူးဇီလန်တွင်မော်ရီ၏အာဏာထိန်းချုပ်ခွင့်ကိုဆက်လက်ထားရှိစေသည် (သို့မဟုတ်) အတည်ပြုပါသည်။ | ဤမူသည်အလုံးစုံအာဏာထိန်းချုပ်ခွင့်ကိုဘုရင်မကြီးအားအပ်နှင်းသည်။ |